
မင်းမြတ်သူရ
ကမ္ဘာကျော်မောင်သာ

မြို့ကြီးတစ်မြို့၏ မြို့လယ်ကောင် ညောင်ပင်ကြီးအောက်တွင် ကူလီအလုပ်ကို လုပ်ကိုင်စား သောက်သော လူငယ်တစ်စုသည် အလုပ်အားလပ်နေသဖြင့် ရောက်တတ်ရာရာများကို ပြောဆိုနေ လေ၏။

ကူလီလူငယ်များ အနက် ဖိုးသာဆိုသူက

"ညတုန်းက ထူးခြားတဲ့ အိပ်မက်တစ်ခုကို မက်တယ်ကွ၊ အိပ်မက်ထဲမှာ ငါက ကူလီ မဟုတ်ဘူး "

ဟု ပြောလေရာ အုပ်သာဆိုသော ကူလီလူငယ်က

"ကူလီက ကူလီမဟုတ်တော့ ဘာလဲ၊ မင်းရဲ့ အိပ်မက်က စလာတည်းက အူကြောင်ကြောင် ကြီးပါလား"ဟု ပြောဆိုလေ၏။

ထိုအခါ ကူလီဖိုးသာက ဆက်လက်၍

"အူကြောင်ကြောင်မဟုတ်ပါဘူးကွ၊ အိပ်မက်ထဲမှာ ငါက ကျိကျိတက်ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ တစ်ဦးတည်းသောသားတဲ့ ကွ "

ဟု ပြောလိုက်ရာ ကျန်သော ကူလီလူငယ်များ သည် ဖိုးသာ၏ စကားကို နားထောင်၍ တဝါး ဝါးဝါး တဟားဟား ရယ်မောလိုက်ကြလေ၏။

ဖိုးသာက ကူလီလူငယ်များကို မကျေမချမ်းကြည့်၍

"ဟော့ကောင်တွေ ... မင်းတို့ ငါ့ကို မလှောင်ပါနဲ့ ကွာ၊ ငါဟာ အိပ်မက်ထဲမှာ တောင် သူဌေးသားတစ်ယောက် ဖြစ်ခွင့်မရှိဘူးလား၊ ငါတို့ ဘဝက ဒီလောက်တောင် ဆိုးနေပြီလားကွာ"

ဟု အားငယ်ဟန်ဖြင့် ရေရွတ်လေ၏။

ထိုအခါ အုပ်သာဆိုသော ကူလီလူငယ်က ဖိုးသာ စိတ်အားငယ်သွားမှန်းသိ၍

"အလကားနောက်တာပါ ဖိုးသာရာ၊ စိတ်ဓာတ်မကျပါနဲ့ ၊ မင်းရဲ့ အိပ်မက်အကြောင်းကို ဆက်ပြောပါဦး၊ ငါတို့ အားလုံး စိတ်ဝင်စားနေပါတယ်ကွ"

ဟု ပြောလေရာ ဖိုးသာသည် ပြန်လည်၍ စိတ်ဓာတ်တက်ကြွသွားပြီး

"ငါဟာ အိပ်မက်ထဲမှာ ကျိကျိတက်ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ တစ်ဦးတည်းသောသား ဖြစ်နေတယ်ကွ"

ဟု ပြောလေရာ စိတ်စောဟန်ရှိသော ကူလီလူငယ်တစ်ဦးက

"ကူလီမဟုတ်ဘဲ သူဌေးသားဖြစ်တော့ ဘာဖြစ်လဲကွ၊ ပြောစမ်းပါဦး၊ သိချင်လှပြီ"

ဟု မေးမြန်း လိုက်လေ၏။

ထိုအခါ ကူလီလူငယ် ဖိုးသာက

"ဟဲ ဟဲ... အိပ်မက်ထဲမှာ ငါက သူဌေးသားဆိုတော့ ဘယ်လောက်စတိုင်ကျနေလဲ သိလား၊ ဘန်ကောက်လုံချည်၊ ပေတင်ရှူးဖိနပ်နဲ့ ရွှေကိုင်းမျက်မှန်ကိုတပ်ပြီး ဘိုကေကို ပြောင်နေအောင်ဖြီးထားတာ ကိုယ့်လူ၊ ခေါင်းတစ်ခုလုံး ဆီတွေရွှဲနေတာပဲ"

ဟု ပြောလေရာ ပျော်ရွှင်တတ်သော ကူလီလူငယ်တစ်ဦးက ဝင်ရောက်၍

"ဟဲ ဟဲ... ဒါ ဆိုရင်တော့ မင်းနဖူးကြီးက ပြောင်ဝင်းပြီး ခြင်ဝင်နားရင်တော့ ခြင်ချော်လဲမှာ သေချာတယ်"

ဟု နောက်ပြောင်လိုက်ရာ ကူလီလူငယ်များ သည် တဝါးဝါး တဟားဟား ရယ်မောကြလေ၏။

ကူလီဖိုးသာက ဆက်လက်၍

"ဟော့ကောင်တွေ ... မနောက်နဲ့ ကွာ၊ အိပ်မက်ထဲမှာ ငါ ဒီလိုပဲမက်ခဲ့တာကွ၊ ငါစီးတဲ့ ကားက အရောင်တဖိတ်ဖိတ်တောက်ပြောင်နေတဲ့ ဖို့ ဒ်ကားကြီးကွ၊ ဖို့ ဒ်ကားကိုစီး အပေါင်း အသင်းတွေကိုတင်၊ ရန်ကုန်မြို့မှာ ရှိတဲ့ ဟိုတယ်ကြီးတွေကို သွားပြီး ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ အစားအစာတွေကို စားတာကွ၊ ဘဲကင်တွေ၊ ကြက်ကင်တွေ၊ ကြာဆံကြော်တွေ၊ ဆယ့်နှစ်မျိုးဟင်းချိုတွေ၊ စုံနေတာပေါ့ကွာ၊ ဟဲ ဟဲ.... ငါ့ရဲ့ နောက်လိုက် နောက်ပါတပည့်တပန်းတွေက ဘယ်သူတွေများ အောက်မေ့လို့ လဲ"

ဟု မေးမြန်းလိုက်ရာ သူ၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေသော ကူလီလူငယ်များ အားလုံး စိတ်ဝင်စားဟန်ဖြင့်

"ဘယ်သူတွေလဲ"

ဟု သံပြိုင်မေးမြန်း လိုက်လေ၏။ ထိုအခါ ကူလီလူငယ် ဖိုးသာက

"ဘယ်သူကမှာ လဲ၊ မင်းတို့ ပေါ့ကွာ၊ ငါ သူဌေးသားဖြစ်တော့ ငါ့နောက်က ကပ်ပါးရပ်ပါး လုပ်ပြီး လိုက်စားနေတဲ့ ကောင်တွေက မင်းတို့ လူစုဖြစ်နေတယ်ကွ"

ဟု ပြောလေရာ ကူလီလူငယ်များအားလုံး ဆူညံစွာအော်ဟစ်၍ ဖိုးသာကို ဝိုင်းဂန်းဆဲဆိုကြလေ၏။

"ဟဲ ဟဲ... ငါ့ရဲ့ သူဌေးသားဘဝကို နားထောင်ပါဦးကွ၊ ငါနေတဲ့ အိမ်ကြီးက ခမ်းနားကြီးကျယ်ပြီး အလွန်လှတဲ့ ပန်းဥယျာဉ်ကြီးလည်း ပါတယ်ကွ၊ ဥယျာဉ်ကြီးထဲမှာ ရေကန်ကြီးတစ်ကန်၊ အလွန်လှပတဲ့ ပန်းမန်တွေလည်း ရှိတယ်၊ အိမ်ကြီးထဲမှာ ပရိဘောဂတွေလည်း ထိရက်စရာတောင် မရှိဘူး၊ ပန်ကာတွေ၊ ဆိုဖာကြီးတွေနဲ့ ကွ၊ တစ်နေကုန်ဆိုဖာပေါ်မှာ ထိုင်၊ စားကောင်းသောက်ဖွယ် တွေစား၊ ပန်ကာကြီးကို လေတရှူးရှူးနဲ့ ဖွင့်၊ ဓာတ်စက်ကလာတဲ့ သီချင်းတွေကို နားထောင်၊ စည်းစိမ်တွေ့နေတာပဲကွ"

ဟု မစားရဝခမန်း ပြောဆိုလေရာ ကူလီလူငယ်များ သည် ဖိုးသာ၏ စကားကို စိတ်ကူးယဉ်ပြီး နားထောင်နေကြလေ၏။

ထိုအခိုက်မှာ ပင် ၎င်းတို့ ၏လူစုနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော ကူလီလူငယ်တစ်ဦးက

"ငါ မင်းကို အရေးကြီးတဲ့ မေးခွန်းတစ်ခု မေးချင်တယ်၊ အိပ်မက်ထဲမှာ သူဌေးသားဘဝနဲ့ မင်းပျော်နေရဲ့ လား"

ဟု မေးမြန်းလေ၏။

ကူလီလူငယ်၏ ထူးဆန်းသောစကားကြောင့် ကူလီများအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး အုတ်လှဆိုသော ကူလီလူငယ်က

"ဟေ့ကောင် ... မင်းမေးခွန်းက ခွကျလှချည်လား၊ သူဌေးသားဖြစ်မှတော့ မပျော်ဘဲနေပါ့မလားကွ"

ဟု ပြောလေရာ ကျန်သော ကူလီလူငယ်များကလည်း

"ဟုတ်ပ့ါဗျာ၊ လိုတရနေတဲ့ ဘဝမှာ မပျော်ဘူးဆိုတာ ရှိပ့ါမလားကွ၊ ပျော်လွန်းလို့ အိပ်မက်ထဲကတောင် ပြန်မထွက်ချင်ဘဲ ရှိနေဦးမယ်"

ဟု ပြောလေ၏။

အိပ်မက်ရှင် ဖိုးသာဆိုသော လူငယ်သည် ကူလီများ ၏ တစ်ယောက်တစ်ပေါက် ပြောဆိုသံများကို နားထောင်၍ ခေါင်းခါယမ်းလိုက်ပြီး

"ဟေ့ကောင်တွေ၊ မင်းတို့ ထင်သလို မဟုတ်ဘူး ကွ၊ သူဌေးသားဘဝမှာ ငါမပျော်ဘူး"

ဟု ပြောဆို လိုက်လေရာ ကူလီလူငယ်များအားလုံး အလွန်အံ့ဩသွားလေ၏။

ဖိုးသာဆိုသော ကူလီက ဆက်လက်၍

"သူဌေးသားဘဝကို ရောက်ခါစကတော့ မိုးမမြင် လေမမြင် ပျော်တာပေ့ါ၊ ဒါပေမဲ့ ကြာတော့ စည်းစိမ်တွေခံစားရတာ ရိုးအီလာတယ်၊ နေ့စဉ် ပိုးဖဲကတ္တီပါတွေဝတ်၊ ကားကြီးနဲ့ လှည့်ပြီး အကောင်းတကာ့ အကောင်းဆုံးဟိုတယ်တွေမှာ စား၊ ငွေအတွက်လည်း မပူရဘူး၊ ဗီရိုကြီးဖွင့်လိုက်ရင် ပိုက်ဆံတွေ အထပ်လိုက်ကွ၊ ဒါပေမဲ့ မင်းတို့ ပြောရင် ယုံမလား မသိဘူး၊ စည်းစိမ်ချမ်းသာတွေကို နေ့တိုင်းခံစားရတာ ကြာတော့ ငြီးငွေ့လာတယ်၊ နောက်ပြီးတော့ သူဌေးသားဘဝက လွတ်လပ်မှုမရှိဘူးလို့ ခံစားရတယ်ကွ၊ တကယ်ပါကွာ၊ အိပ်မက်ထဲမှာ ငါတော့ သူဌေးသားလုပ်ရတာ မပျော်တော့ဘူး၊ ငြီးငွေ့လာတယ်၊ ရွှေတွေ၊ ငွေတွေ၊ စည်းစိမ်ဥစ္စာတွေကို နေ့တိုင်းမြင်တွေ့နေရတယ်၊ ဒါပေမဲ့ ကူလီ အလုပ်လုပ်တုန်းကလောက် မပျော်ဘူးကွ"

ဟု ပြောလေရာ ကူလီလူငယ်တစ်ဦးက မကျေမချမ်း ဝင်ရောက်၍

“အိပ်မက်ထဲမှာ မို့ အူကြောင်ကြောင်တွေးပြီး မပျော်တာဖြစ်မှာ ပါ၊ ချမ်းသာတဲ့ ဘ၀ဆိုတာ မပျော်ဘဲရှိပ့ါမလားကွ၊ လိုတရနေတဲ့ ဘ၀ကို လူတိုင်းလိုချင်ကြတာပဲ၊ လူတွေဟာ ရွှေရှိတဲ့ လူ၊ ငွေရှိတဲ့ ၊ ဂုဏ်ရှိတဲ့ လူကိုမှ ခင်ချင်ကြတယ်၊ အပေါင်းအသင်းဖွဲ့ချင်ကြတယ်၊ စည်းစိမ်ဥစ္စာတွေဟာ ပျင်းစရာကြီးဆိုရင် ဘယ်သူက ချမ်းသာအောင် ကြိုးစားကြမှာလဲ၊ မင်းရဲ့ အိပ်မက်က အတော်ရယ်စရာ ကောင်းတယ်”

ဟု ပြောလေရာ ဖိုးသာဆိုသော ကူလီက

“ဟေ့ကောင်....ဘာပဲဖြစ်ဖြစ် ညတုန်းက အိပ်မက်ထဲမှာ တော့ သူဌေးသားဖြစ်ရတာ ငါမပျော်ဘူး၊ ငြီးငွေ့တာအမှန်ပဲ၊ အိပ်မက်ထဲမှာ သူဌေးသားဘ၀ကနေ အခုလို လွတ်လပ်တဲ့ ကူလီဘ၀ကို ပြန်ရောက်ချင်နေတယ်”

ဟု ပြောလေရာ ကူလီလူငယ်က နှာခေါင်းရှုံ့၍

“မင်းဟာအ တော်ညံ့တဲ့ ကောင်ပဲ၊ မွဲချင်တဲ့ ခွေး ပြာပုံတိုးဆိုတာ မင်းကိုခေါ်တာ ဖြစ်မယ်”

ဟု ဝင်ရောက် ပြောဆိုလေ၏။

ထိုအခိုက်မှာ ပင် ၎င်းတို့ ၏ စကားကို ခပ်လှမ်းလှမ်း၌ ထိုင်၍ နားထောင်နေသော မောင်သာဆိုသည့် ကူလီလူငယ်က

“ဟေ့ကောင်တွေ မင်းတို့ အားလုံး ငြင်းခုံမနေကြနဲ့ ၊ သူဌေးသားဘ၀ မ ၂ ၁ ပျော်မပျော်သိချင်ရင် ဒီနေ့ကစပြီး သူဌေးသားဖြစ်အောင် ကြိုးစားကြ၊ သူဌေးဖြစ်မှ မပျော်ဘူး၊ ပျော်တယ်ဆိုတာ ဆုံးဖြတ်နိုင်မယ်၊ ငြင်းခုံနေလို့ အပိုပဲ၊ လေကုန်ရုံပဲ ရှိမှာ ပဲ”

ဟု ဝင်ရောက်ပြောဆို လိုက်လေရာ ကူလီလူငယ်များ သည် မောင်

သာ၏ စကားကို နားထောင်၍ ငြင်းခုံခြင်းကို ရပ်တန့် လိုက်လေ၏။

ကူလီလူငယ်တစ်ဦးက ပြဓာတ်မင်းသမီး ခင်အုန်းမြင့်၏ ချောမော လှပကြောင်းကို စကားလမ်းကြောင်းလွှဲလိုက်သောအခါ ကျန်ကူလီများ သည် စိတ်ဝင်တစား ဝင်ရောက်ပြောဆိုကြလေ၏။

မောင်သာဆိုသော ကူလီကမူ လူငယ်များ ၏ စကားဝိုင်းသို့မဝင်ဘဲ ယနေ့ ကူလီမထမ်းရသေးသဖြင့် အလုပ်ခိုင်းမည့်သူကို စောင့်မျှော်နေ လေ၏။

ထိုအခိုက်မှာ ပင် ရထားလုံးပေါ်မှ မိန်းမကြီးတစ်ဦးသည် ခြင်းတော င်းကြီးနှစ်တောင်းကို ကိုင်၍ ဆင်း လာပြီး ကူလီမောင်သာ၏ ရှေ့သို့ရပ် ကာ

"ဟေ့ ကောင်လေး၊ ခြင်းနှစ်လုံးကို ကိုင်ပြီး ငါ့နောက်က လိုက်ခဲ့ပေ တော့၊ ဈေးထဲမှာ လှည့်ပြီး ဈေးဝယ်မယ်၊ ဈေးဝယ်ပြီးရင် အိမ်ကိုပြန်မ ယ်၊ ငါ့အိမ်အထိ ထမ်းပြီးပို့ပေးရမယ်"

ဟု ပြောလေရာ မောင်သာဆိုသော လူငယ်က ခြင်းတောင်းနှစ်လုံး ကို ကိုင်၍ ဦးညွှတ်လိုက်ပြီး

"ဟုတ်ကဲ့ပါ အဒေါ်၊ အဒေါ် ဈေးကို ပတ်ချင်သလောက် ပတ်ပါ၊ ကျု ပ် နောက်ကလိုက်ခဲ့ပ့ါမယ်၊ ကူလီခကိုတော့ တစ်မူးပြည့်အောင်ပေးပါ"

ဟု ပြောလေ၏။

ထိုအခါ အဒေါ်ကြီးက ခေါင်းညိတ်၍

"ကောင်းပြီး ကူလီခကို တစ်မူးပေးမယ်၊ မင်း ငါဝယ်သမျှ မညည်းမ ညူနဲ့ လိုက်ပြီးစောင့် ပေးရမယ်နော်၊ မင်းတို့ ကူလီတွေက အလုပ်မရှိ တော့ ပိုက်ဆံလိုချင်တယ်၊ အချိန်ကြာရင်တော့ ကြာပြန်ပြီ၊ ခရီးဝေးရင်

လည်း ဝေးပြန်ပြီဆိုပြီး ခိုလိုညည်းချင်ကြတယ်၊ အလုပ်ကို လက်ကြော တင်းအောင် မလုပ်ချင်ကြဘူး”

ဟု ပြောလေရာ မောင်သာဆိုသော ကူလီက

“အဒေါ်ရယ်၊ ကျုပ်ဟာ အဒေါ်တွေ့ဖူးတဲ့ ကူလီတွေနဲ့ လုံးဝမတူပါဘူး၊ အဒေါ် ကျုပ်ကိုခိုင်းကြည့်၊ ဘယ်လောက်စိတ်ရှည်တယ်ဆိုတာ တွေ့ရလိမ့်မယ်၊ ခရီးဘယ်လောက်ဝေးဝေး၊ အဒေါ်လျှောက်ရင် ကျုပ် လျှောက်နေရမှာ ပေ့ါ၊ ကျုပ်တို့ ခြေထောက်တွေက သံတုံးသံခဲတွေပါဗျာ ”

ဟု ပြောလိုက်ရာ အဒေါ်ကြီးသည် သဘောကျသွားပြီး ရှေ့မှ ဦးဆောင်ပြီး ထွက်သွားလေ၏။

ထို့နောက်တွင် မူ အဒေါ်ကြီးသည် ဈေးကို တစ်ပတ်ပြီးတစ်ပတ်ပတ်၍ ပစ္စည်းများ စုံလင်အောင် ဝယ်ယူလေ၏။

မောင်သာဆိုသော ကူလီသည် မညည်းညူဘဲ ခြင်းနှစ်လုံးကိုဆွဲ၍ အနောက်မှ တကောက်ကောက် လိုက်လေ၏။ အဒေါ်ကြီးသည် အတန်ကြာအောင် ဈေးသို့လှည့်ပတ်၍ ပစ္စည်းမျိုးစုံဝယ်ယူပြီးနောက် ဗိုက်ဆာသည် ဟု ဆိုကာ မုန့်ဟင်းခါးဆိုင်သို့ ဝင်လေ၏။

ကူလီလူငယ်သည် ခြင်းနှစ်လုံးကိုဆွဲ၍ ခပ်လှမ်းလှမ်းမှ ထိုင်စောင့်နေရလေ၏။

ယနေ့နံနက် အဆာပြေပင် မစားရသေးသဖြင့် သူ၏ ဗိုက်ထဲတွင် ဆာလောင်နေရှာ၏။

သို့သော် ကူလီတစ်ယောက်အတွက် ဈေးထိပ်က အဒေါ်ကြီး၏ မုန့်ဟင်းခါးသည် ခမ်းနားကြီးကျယ်လွန်းနေလေ၏။

သူတို့ ကူလီများ စားလေ့ရှိသော တစ်ပြားတန် မုန့်ဟင်းခါးဆိုင်မှာ စျေးနှင့်အလွန်ဝေးသောနေရာ၌ ရှိ၏။

ထိုဆိုင်၌ ဟင်းရည်များကို အကြိမ်ကြိမ် တောင်းယူနိုင်၏။

ထိုအခိုက်မှာ ပင် အနီးသို့ အဒေါ်ကြီးရောက်ရှိ လာပြီး

"ဟေ့ကောင်လေး၊ ငါ့နောက်ကလိုက်ခဲ့ပေတော့"

ဟု ဆိုကာ ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်၍ ရှေ့မှ ဦးဆောင်၍ ထွက်ခွာသွားလေ၏။

မောင်သာသည် လေးလံသော တောင်းကြီးနှစ်တောင်းကိုထမ်း၍ အဒေါ်ကြီး၏ နောက်မှ လိုက်ခဲ့လေတော့၏။

အဒေါ်ကြီးသည် ဤမျှများ ပြားသော ပစ္စည်းများကို ဝယ်ယူသဖြင့် ချမ်းသာကြွယ်ဝပုံရ၏။

သို့သော် အဒေါ်ကြီး၏ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ ချမ်းသာကြွယ်ဝသူဟု မထင်ချေ။

အဒေါ်ကြီးသည် လူချမ်းသာတစ်ဦး၏ ထမင်းချက် သို့မဟုတ် လူယုံကြီး ဖြစ်ပုံရ၏။

အတန်ကြာအောင် သွား လာပြီးနောက် အဒေါ်ကြီးသည် မြို့၏ အနောက်ဘက်လမ်းသို့ ဦးတည်နေကြောင်း တွေ့ရ၏။

ခဏကြာလျှင် အဒေါ်ကြီးသည် မြို့ပေါ်ရှိ ခမ်းနားကြီးကျယ်ဆုံး ခြံကြီး၏ ရှေ့တွင် ရပ်လိုက်၏။ မောင်သာသည် အဒေါ်ကြီးရောက်ရှိနေသော ခြံကြီးကိုကြည့်၍ ဤမျှများ ပြားသောပစ္စည်းများကို ဝယ်ယူနေခြင်းကို မအံ့ဩတော့ချေ။

ဤခြံကြီးကို တစ်မြို့လုံးရှိလူများက နတ်ဘုံနတ်နန်းဟု ခေါ်ဝေါ်ကြ၏။ ခြံကြီးတွင် နေထိုင်သော သူဌေးကြီး ဦးသက်ရှည်ကို တစ်မြို့လုံးရှိ လူများ အားကျကြ၏။

လူကြီးသူမများက လူငယ်လူရွယ်များကို ဆုံးမလျှင် တစ်နေ့ ဦးသက်ရှည်လို ကြီးပွားချမ်းသာအောင် ကြိုးစားကြဟု ဆိုဆုံးမလေ့ရှိ၏။

သို့သော် ဦးသက်ရှည်သည် ဤမြို့သားမဟုတ်။ ဦးသက်ရှည်၏ နောက်ကြောင်းရာဇဝင်နှင့် ပတ်သက်၍ မည်သူမျှ တိတိကျကျ ပြောဆိုနိုင်ခြင်းမရှိ။

ဦးသက်ရှည် သူတို့ မြို့ပေါ်သို့ ရောက်ရှိပြီး ကြီးမားခန့်ထည်သော အိမ်နှင့်ခြံကြီးကို တည်ဆောက်ခဲ့သည် မှာ ဆယ်နှစ်ကျော်ခဲ့ပေပြီ။

အဒေါ်ကြီးက ခြံစောင့်အား ခြံတံခါးကြီးဖွင့်ရန် အမိန့်ပေးလိုက်ရာ ခြံစောင့်သည် တံခါးကြီးကို ဖွင့်လိုက်၏။

ထိုအခါ လှပခန့်ညားသော ပန်းဥယျာဉ်ကြီး၏ အနောက်တွင် ကြီးမားခန့်ထည်သော အိမ်ကြီးကို တွေ့ရလေ၏။

အိမ်ကြီး၏ မျက်နှာစာကို စုလစ်မွမ်းချွန်များ ၊ ကနုတ်ပန်းများ ဖြင့် စီခြယ်ထား၏။ အိမ်ကြီး၏ ဆင်ဝင်အောက်တွင် သူတို့ တစ်မြို့လုံးက အားကျစွာ ငေးမောကြည့်ရှုနေရသော အနက်ရောင်ဖို့ ဒ်ကားကြီးကို မြင်ရ၏။

ထိုစဉ် အဒေါ်ကြီးက

"ဟေ့ကောင်လေး ဘာငေးနေတာလဲ၊ ငါ့နောက်က လိုက်ခဲ့လေ"

ဟု ပြောလေရာ မောင်သာသည်

"ဟုတ် ဟုတ် ဟုတ်၊ ဟုတ်ကဲ့"

ဟု အယောင်ယောင် အမှားမှားဖြင့် ရွတ်ဆိုပြီး တောင်းနှစ်လုံးကို ထမ်း၍ အဒေါ်ကြီး၏ နောက်သို့ လိုက်ခဲ့လေ၏။

မောင်သာသည် အုတ်ခဲများ ခင်းထားသော အိမ်ကြီး၏ အဝင်လမ်း အတိုင်း လျှောက်လှမ်းလာရင်း လှပတင့်တယ်သော ရေကန်ကြီးကို ကြည့်ရှု၍ မဂဘဲ ဖြစ်နေလေ၏။

အဒေါ်ကြီးသည် မောင်သာအား အိမ်ကြီး၏ နံဘေးရှိ လှပသော လမ်းကလေးမှ အနောက်သို့ ခေါ်ဆောင်သွားလေ၏။

အိမ်၏ အနောက်သို့ရောက်သောအခါ အဒေါ်ကြီးက တောင်းကြီးနှစ် လုံးကို ချခိုင်းလိုက်ပြီး မောင်သာအား ကူလီခပေးရန် ပိုက်ဆံအကြွေစေ့ ကို ချွေးခံအိတ်ထဲ၌ ရှာဖွေနေလေ၏။

ထို့နောက် ပိုက်ဆံတစ်မူးကိုပေးရန် လူငယ်အား ကြည့်လိုက်သော အခါ အနီးတွင် မတွေ့ရတော့ချေ။ ထို့ကြောင့် အဒေါ်ကြီးသည် မျက်မှောင်ကြုတ်လိုက်ပြီး

"ဟယ်... ဒီကောင်လေး ဘယ်ရောက်သွားပြန်ပြီလဲမသိဘူး"

ဟု ဆိုကာ အိမ်၏ နံဘေးမှ ပတ်၍ အိမ်အရှေ့ဘက်သို့ လိုက်ခဲ့လေ၏။

ထိုအခါ အိမ်ကြီးကို မျက်တောင်မခတ်တမ်း ငေးမောကြည့်ရှုနေ သော ကူလီလူငယ်ကိုကြည့်၍ အဒေါ်ကြီးက ခေါင်းကုတ်လိုက်ပြီး အိမ်နံ ဘေးမှ ပတ်၍ အိမ်ရှေ့သို့ လိုက်ခဲ့လေ၏။

ထိုအခါ အိမ်ကြီးကို မျက်တောင်မခတ်တမ်း ငေးမောကြည့်ရှုနေ သော ကူလီလူငယ်ကို မြင် တွေ့ရ၏။ ကူလီလူငယ်ကိုကြည့်၍

အဒေါ်ကြီးက ခေါင်းကုတ်လိုက်ပြီး

“ကူလီခ မယူဘူးလား၊ အိမ်ကြီးကို ဘာဖြစ်လို့ ဒီလောက်တောင်ငေးကြည့်နေရတာလဲ”

ဟု မေးမြန်းလေရာ မောင်သာဆိုသော ကူလီလူငယ်က

“အိမ်ကြီးကို မျက်စိကမခွာနိုင်ဘဲ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးကို ကျုပ်တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးလို့ ပါဗျာ၊ အိမ်ကြီးကို အပြင်ကကြည့်နေတာတောင် ဒီလောက် လှနေရင် အိမ်ထဲကိုဝင်ကြည့်ရင် ပိုပြီးတော့ လှမှာ ပဲနော်၊ ဝင်ကြည့်ချင်လိုက်တာဗျာ”

ဟု ပြောလေရာ အဒေါ်ကြီးက လူငယ်ကိုကြည့်၍ မျက်နှာရှုံ့မဲ့လိုက်ပြီး

“ဟေ့ကောင်လေး ဘယ်လိုလုပ် အိမ်ထဲဝင်ကြည့်လို့ ရမှာ လဲ၊ ကူလီက ကူလီလိုနေစမ်း၊ ရော့ … နင့်အတွက် ကူလီခ ပိုက်ဆံတစ်မူး”

ဟု ပြောလေရာ လူငယ်သည် အဒေါ်ကြီး၏ လက်ထဲမှ ပိုက်ဆံတစ်မူးကိုကြည့်၍ တစ်စုံတစ်ရာကို တွေးလိုက်မိပြီး

“ဒီလိုလုပ်ပါလား အဒေါ်ရဲ့ ၊ ကျုပ် ကူလီခကို မယူတော့ဘူး၊ အိမ်ကြီးကို ခဏလောက် လှည့်ပတ်ကြည့်ခွင့်ပေးပါ”

ဟု ခွင့်တောင်းလေရာ အဒေါ်ကြီးသည် လူငယ်ကိုကြည့်၍ မယုံနိုင်ဟန်ဖြင့်

“ဘာ…နင်က ကူလီခတစ်မူးကိုမယူဘဲ အိမ်ကြီးကိုလှည့်ပြီး ကြည့်ချင်လို့ ၊ ဟုတ်လား၊ ဟေ့ ကောင်လေး… နင်ရူးနေလား၊ ကူလီခမယူရင် နင် ထမင်းငတ်သွားမှာ ပေါ့၊ အိမ်ကြီးက ဘယ်လောက် ကြီးကျယ်ခမ်းနားပါစေ၊ နင်နဲ့ ဘာဆိုင်လို့ လဲ၊ ကူလီက ကူလီအလုပ်ကိုပဲ လုပ်စမ်းပါ”

ဟု ပြောဆို လိုက်လေ၏။

သို့သော် မောင်သာဆိုသော လူငယ်က အဒေါ်ကြီးကို ကြည့်၍

"ဟုတ်ပါတယ် အဒေါ်ရယ်၊ ကျုပ်က ကူလီပါ၊ ကူလီတစ်ယောက်ဖြစ်တာနဲ့ ပဲ နတ်ဘုံနတ်နန်းလို ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးကို ငေးမောကြည့်ခွင့်မရှိတော့ဘူးလား၊ ကူလီတို့ ရဲ့ ဘဝဟာ ဒီလောက်တောင် နိမ့်ကျရသလားဗျာ၊ ဒီအိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို ကြည့်ချင် မြင်ချင်လွန်းလို့ ကူလီခကိုတောင်မယူဘဲ ကြည့်ခွင့်တောင်းတာပါဗျာ။ ကူလီဖြစ်တာနဲ့ ကြီးကျယ်ခမ်းနားမှုတွေကို မထိုက်တန်ဘူးဆိုရင် ကျုပ်ကို ထမင်းကျွေးနေတဲ့ ကူလီအလုပ်ကို ကျုပ်စွန့်လွှတ်ရမလိုဖြစ်နေပြီ"

ဟု ပြောလေရာ လူငယ်၏ နောက်မှ ရယ်မောသံကို ကြားလိုက်ရပြီး

"ဟား ဟား ဟား ... မင်းပြောတာ သိပ်မှန်တယ်၊ ကိုယ့်ကို ထမင်းကျွေးတဲ့ အလုပ်ကို စွန့်လွှတ်စရာမလိုပါဘူးကွာ၊ ငါ့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးဟာ မင်းရဲ့ အလုပ်ထက်စာရင် အဆပေါင်းများ စွာ သိမ်ငယ်သွားပါတယ်၊ ဘာကြောင့်လဲဆိုတော့ အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆိုတဲ့ စကားရှိပါတယ်၊ လောကမှာ အလုပ်မလုပ်တဲ့ လူဟာ မတင့်တယ်ဘူး၊ အလုပ်ဟာ လူ့ရဲ့ ဂုဏ်သိက္ခာကို မြင့်မားစေတယ်၊ အလုပ်ကို တန်ဖိုးထားပြီး ရိုးသားဖြောင့်မတ်စွာ အလုပ်လုပ်တဲ့ လူဟာ အဖိုးထိုက်တန်တယ်ကွ"

ဟူသော အသံကို ကြား၍ လှည့်ကြည့်လိုက်သောအခါ နတ်ဘုံနတ်နန်းအိမ်ကြီး၏ အရှင်သခင် သူဌေးကြီး ဦးသက်ရှည်ဖြစ်ကြောင်း တွေ့ရလေ၏။

*